# ၁၉၄၉ ခုနှစ်၊ ပြည့်တန်းဆာပပျောက်ရေးအက်ဥပဒေ *။

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄။] (၁၉၄၉ ခု၊ ဧပြီလ ၂၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည်တို။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၄၉ ခုနှစ်၊ ပြည့်တန်းဆာ ပပျောက်ရေး အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးနှင့် သက်ဆိုင်သည်။

အဓိပ္ပါယ်ဖေါ်ပြချက်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာ၌ဖြစ်စေ၊ ရှေ့နောက်စကားတို့၌ဖြစ်စေ၊ ဆန့်ကျင်ကွဲလွဲချက်မပါလျှင်—

(က) ''ပြည့်တန်းဆာအိမ်'' ဆိုသည်မှာ၊ ပြည့်တန်းဆာကိစ္စအလို့ငှါ၊ အသုံးပြုမြဲဖြစ်သည့်အိမ်၊ သို့တည်းမဟုတ် အဆောက်အဦ၊ အခန်း၊ ရေယာဉ်၊ ကုန်းယာဉ်၊ သို့တည်းမဟုတ် နေရာကိုသော်၎င်း၊ ဆိုခဲ့သည့်အိမ် စသည်တို့၏ တစိတ်တဒေသကိုသော်၎င်း ဆိုလိုသည်။

(ခ) ''ခန့်ထားသည့်ဆေးဆရာ'' ဆိုသည်မှာ၊ ဤအက်ဥပဒေအလို့ငှါ၊နိုင်ငံတော်သမတက ခန့်ထားသော ဆေးဆရာကိုဆိုလိုသည်။

(ဂ) ''သတ်မှတ်ထားသည့်ဌာန'' ဆိုသည်မှာ၊ ဤအက်ဥပဒေအလို့ငှါ၊ တည်ထောင်၍၊ အစိုးရက အသိအမှတ်ပြုသောဌာနကိုဆိုလိုသည်။ ထို့ပြင်

(ဃ) ''ကာလသားရောဂါ'' ဆိုသည်တွင်၊ ဆစ်ဖလစ်နာ၊ ဂနိုရိယာခေါ် ညောင်းကျနာနှင့် ရှုံကာအပြေ့နာတို့လည်း ပါဝင်သည်။

ပြည့်တန်းဆာကိစ္စအလို့ငှါ မြူဆွယ်ခေါ်သွေးဆောင်ခြင်း။

၃။ ။မည်သူမဆို၊ ပြည်သူတို့နှင့်ဆိုင်သော လမ်း၌သော်၎င်း၊ ပြည်သူတို့နှင့်ဆိုင်သော နေရာ၌သော်၎င်း၊ ပြည်သူတို့ ဝင်ထွက်သွားရောက်မြဲနေရာ၌သော်၎င်း ထိုလမ်းထိုနေရာတို့မှ မြင်သာကြားသာအောင်၊ အိမ်၊ အဆောက်အဦ၊ အခန်း၊ ရေယာဉ်၊ သို့တည်းမဟုတ် ကုန်းယာဉ်အတွင်းကသော်၎င်း၊ အပကသော်၎င်း—

(က) ပြည့်တန်းဆာကိစ္စအလို့ငှါ၊ နှုတ်အမူအရာဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ ဟိရိသြတ္တပ္ပတရားကင်းလျက်၊ မိမိကိုယ်ကာယကို တမင်လှစ်ပြခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အာရုံစွဲငြိစေလျှင်၊ သို့တည်းမဟုတ် အာရုံစွဲငြိစေရန် အားထုတ်လျှင်၊ သို့တည်းမဟုတ်

(ခ) ပြည့်တန်းဆာကိစ္စ အလို့ငှါ၊ တဦးတယောက်သောသူအား၊ မြူခေါ်သွေးဆောင်ခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ သို့တည်းမဟုတ် အနီးအနားတွင် ရစ်ဝဲခြင်းပြုလျှင်

ထိုသူကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် တနှစ်ထိဖြစ်စေ၊ ငွေဒဏ်နှင့်ထောင်ဒဏ် နှစ်ရပ်စလုံးဖြစ်စေ စီရင်နိုင်စေရမည်။

* မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၉ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၂၉၃ တွင် ထုတ်ပြန်ကျေညာသည်။

ပြစ်မှုကို အရေးယူခြင်း။

၄။ ။ပုဒ်မ ၃ အရ၊ မိမိရှေ့တွင် ပြစ်မှုကျူးလွန်သည်ကို တွေ့မြင်သောရဲအုပ်အောက် အဆင့်အတန်းမနိမ့်သော ရဲအရာရှိသည်၊ ပြစ်မှုကျူးလွန်သူကို ဝါရမ်းမပါဘဲ ဘမ်းဆီးချုပ်နှောင် နိုင်၍၊ ထိုသို့ဘမ်းဆီးချုပ်နှောင်ခြင်းပြုပြီး၊ နောက်တနေ့ထက်နောက်မကျဘဲဖြစ်စေ၊ ထိုနေ့တွင်တရားရုံးများပိတ်ထားခဲ့သော်၊ တရားရုံးများပြန်လည်ဖွင့်လှစ်သည့် ပဌမနေ့ဘွင်ဖြစ်စေ၊ ထိုပြစ်မှုကိုအရေးယူပိုင်ခွင့် အာဏာရရာဇဝတ်တရားသူကြီးရှေ့၌ စစ်ကြောစီရင်စေရန် တင်ပို့ရမည်။ ပြစ်မှုကျူးလွန်သူကို၊ စစ်ကြောစီရင်စေရန် တင်ပို့သောအခါ၊ တရားစွဲဆိုချက်၏ အထောက်အခံဖြစ်သော သက်ဆိုင်ရာသက်သေ အရပ်ရပ်ကိုတင်ပြရန် အသင့်ဖြစ်စေရမည့်ပြင်၊ ပြစ်မှုကျူးလွန်သူကို ရုံးတော်သို့ တင်ပို့သည့်နေ့တွင်၊ ရာဇဝတ်တရားသူကြီးက အမှုကိုလက်ခံစစ်ဆေးရမည်။

ပြည့်တန်းဆာအဖြစ်ဖြင့် ရှာဖွေ ရရှိသည့် စီးပွါးကိုမှီ၍ အသက်မွေးမှုသည့်အတွက် အပြစ်ဒဏ်။

၅။ ။(၁) မည်သူမဆို အခြားသူတဦးတယောက် ပြည့်တန်းဆာအဖြစ်ဖြင့် စီးပွါးရှာဖွေရရှိသည်ကိုသိလျက်နှင့် ထိုသူရှာဖွေရရှိသော စီးပွါးကိုလုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ မှီ၍အသက်မွေးမှုလျှင်၊ ထိုသူကိုအလုပ်ကြမ်းနှင့် သုံးနှစ်ထိ ထောင်ဒဏ်စီရင်နိုင်စေရမည်။ ယောကျ်ားဖြစ်လျှင် ကြိမ်ဒဏ်လည်းစီရင်နိုင်စေရမည်။

(၂) ပြည့်တန်းဆာတဦးတယောက်ကို ပြည့်တန်းဆာအဖြစ်ဖြင့်စီးပွါးရှာဖွေစေရန်ကူညီသည်ဟုသော်၎င်း၊ အားပေးသည်ဟုသော်၎င်း၊ အနိုင်အထက်ပြုသည်ဟုသော်၎င်း ယူဆဘွယ်ရာဖြစ်အောင် တဦးတယောက်သောသူသည် ပြည့်တန်းဆာနှင့်အတူနေကြောင်း၊ သို့တည်းမဟုတ် အတူအပေါင်းအဖေါ်ပြုလေ့ရှိကြောင်း၊ သို့တည်းမဟုတ် ပြည့်တန်းဆာ၏ အသွားအလာကို ကြီးကြပ်ညွှန်ကြားချုပ်ချယ်ကြောင်းထင်ရှားလျှင်၊ ထိုသူသည် အခြားသူတဦးတယောက် ပြည့်တန်းဆာအဖြစ်ဖြင့် ရှာဖွေရရှိသော စီးပွါးဖြစ်ကြောင်းသိလျက်နှင့် ထိုစီးပွါးကိုမှီ၍ အသက်မွေးမှုခြင်းမပြုကြောင်း ထင်ရှားအောင်မပြနိုင်ပါက၊ ထိုသူအား ထိုသို့မှီ၍အသက်မွေးမှုသည်ဟုမှတ်ယူရမည်။

ပြည့်တန်းဆာဖြစ်မြောက်အောင်ပြုခြင်း။

၆။ ။မည်သူမဆို၊ မိန်းမတဦးတယောက်ကို ပြည့်တန်းဆာဖြစ်စေရန်သော်၎င်း၊ ပြည့်တန်းဆာကိစ္စအလို့ငှါ ပြည့်တန်းဆာအိမ်တွင် သွားရောက်နေထိုင်ကျက်စားစေရန်သော်၎င်း၊ ကြံရွယ်လျက်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုမိန်းမကို ပြည့်တန်းဆာဖြစ်စေရန်သော်၎င်း၊ ပြည့်တန်းဆာကိစ္စအလို့ငှါ၊ ပြည့်တန်းဆာအိမ်တွင် သွားရောက်နေထိုင် ကျက်စားစေရန်သော်၎င်း သွေးဆောင်ခြင်း၊ အနိုင်အထက်ပြုခြင်း ခံရဘွယ်ရှိသည်ကို သိလျက်နှင့်ဖြစ်စေ၊ ထိုမိန်းမကို ပြည့်တန်ဆာအိမ်မဟုတ်သော လက်ရှိနေရာတခုခုမှ ထွက်ခွါသွားရန် မည်သည့်နည်းနှင့်မဆို သွေးဆောင်လျှင်၊ ထိုသို့သွေးဆောင်သောသူကို ငွေဒဏ်နှင့်တကွ၊ အလုပ်ကြမ်းနှင့် သုံးနှစ်ထိ ထောင်ဒဏ်စီရင်နိုင်စေရမည်။ ယောကျ်ားဖြစ်လျှင်၊ ကြိမ်ဒဏ်လည်းစီရင်နိုင်စေရမည်။

ရာဇဝတ်ကျင့်ထုံးဥပဒေအရ အမိန့်များနှင့် သက်ဆိုင်စေခြင်း။

၇။ ။(၁) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၁၀ မှ ၁၂၆-က၊ ထို့ပြင် ပုဒ်မ ၅၁၄၊ ၅၁၄-က၊ ၅၁၄-ခ နှင့် ၅၁၅ များပါ ပြဋ္ဌာန်းချက်များသည်၊ ဆိုလတ္တံ့သောသူ တဦးဦးနှင့် သက်ဆိုင်စေရမည်။

(က) ပြည့်တန်းဆာအဖြစ်ဖြင့် အမြဲအသက်မွေးသူ၊ သို့တည်းမဟုတ်
(ခ) ပုဒ်မ ၆ တွင် ဖေါ်ပြပါရှိသည့်အမှုကို ကျူးလွန်လေ့ရှိသူ၊ သို့တည်းမဟုတ်
(ဂ) ပြည့်တန်းဆာအဖြစ်ဖြင့် ရှာဖွေရရှိသည့်စီးပွါးကိုလုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ မှီ၍အသက်မွေးမှုသူ၊ သို့တည်းမဟုတ်
(ဃ) ရာဇသတ်ကြီးပုဒ်မ ၃၇၂၊ သို့တည်းမဟုတ် ပုဒ်မ ၃၇၃ အရ ပြစ်မှုကို ကျူးလွန်လေ့ရှိသူ၊ သို့တည်းမဟုတ်
(င) ဤအက်ဥပဒေအရ၊ ပြစ်မှုကိုကျူးလွန်လေ့ရှိသူ။

(၂) အမှုကိုစစ်ဆေးသည့် ရာဇဝတ်တရားသူကြီးသည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၈ အရ၊ အမိန့်ထုတ်ဆင့်မည့်အစား၊ သို့တည်းမဟုတ် ထိုအမိန့်ကိုထုတ်ဆင့်သည့်အပြင်၊ အဆိုပါ အမှုနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းခံရသူအား၊ ထိုအမိန့်တွင် ဖော်ပြထားသည့် နှစ်နှစ်ထက်မပိုသော ကာလတိုင်အောင် သတ်မှတ်ထားသောရပ်ကွက်အတွင်း၌သာ သွားလာနေထိုင်စေ၍၊ သတ်မှတ်ထားသည့်နေရာနှင့်အချိန်များတွင် ထိုသူကိုယ်တိုင်လာရောက်တိုင်ကြားရမည်ဟုအမိန့်ချမှတ်နိုင်သည်။

ပြည့်တန်ဆာအိမ်ထားရှိခြင်းအတွက်သော်၎င်း၊ အိမ်ဥပစာကို ပြည့်တန်ဆာအိမ် အဖြစ်အသုံးပြုရန်ခွင့်ပြုသည့်အတွက်သော်၎င်း၊ ထိုက်သည့်ပြစ်ဒဏ်။

၈။ ။မည်သူမဆို—

(က) ပြည့်တန်ဆာအိမ်ထားရှိလျှင်၊ သို့တည်းမဟုတ် စီမံကြီးကြပ်လျှင်၊ သို့တည်းမဟုတ် စီမံကြီးကြပ်ရာတွင် ကူညီဆောင်ရွက်လျှင်၊ သို့တည်းမဟုတ်

(ခ) အိမ်ဥပစာတွင် ငှါးရမ်းနေထိုင်သူသော်၎င်း၊ လက်ရှိနေထိုင်သူသော်၎င်း၊ စီမံကြီးကြပ်သူသော်၎င်း၊ဖြစ်၍ ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွါးရှာရန် ကိစ္စအတွက်ဖြစ်ကြောင်း သိလျက်နှင့် ထိုအိမ်ဥပစာအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ အသုံးပြုရန်ခွင့်ပြုလျှင်၊ သို့တည်းမဟုတ်

(ဂ) အိမ်ဥပစာကို အငှါးချသူသော်၎င်း၊ ပိုင်ဆိုင်သူသော်၎င်း၊ အဆိုပါသူတို့၏ ကိုယ်စားလှယ်သော်၎င်း၊ ဖြစ်၍ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွါးရှာဖွေရန်ကိစ္စအတွက် အသုံးပြုမည်ဖြစ်ကြောင်းသိလျက်နှင့် ထိုအိမ်ဥပစာအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ငှါးရမ်းလျှင်၊ သို့တည်းမဟုတ် အဆိုပါကိစ္စတခုခုအတွက် အဆိုပါအိမ်ဥပစာအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ဆက်လက်၍အသုံးပြုရာ၌ သဘောတူပါဝင်သူဖြစ်လျှင်

ထိုသူကိုအလုပ်ကြမ်းနှင့် သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ စီရင်နိုင်စေရမည်။

ပြည့်တန်ဆာအိမ်ထားရှိခြင်း။

၉။ ။မည်သူမဆို ပြည့်တန်ဆာ အိမ်အဖြစ်အသုံးပြုသည့် အိမ်ဥပစာ၏ အကြီးအကဲအဖြစ်ဖြင့်သော်၎င်း၊ အဆိုပါအိမ်ဥပစာကို ထိန်းသိမ်းစောင့်ရှောက်အုပ်ချုပ်သူအဖြစ်ဖြင့်သော်၎င်း၊ စီမံကြီးကြပ်သူ အဖြစ်ဖြင့်သော်၎င်း၊ ပြုမူလျှင်၊သို့တည်းမဟုတ်ကျင့်ကြံလျှင်၊ သို့တည်းမဟုတ် ပြုမူကျင့်ကြံကြောင်း ထင်မြင်ယူဆခြင်း ခံရလောက်အောင်ဖြစ်လျှင်၊ ထိုသူသည် ပုဒ်မ ၈ ၏အဓိပ္ပါယ်သဘောအရ ပြည့်တန်ဆာအိမ်ထားရှိသည်ဟု မှတ်ယူရမည်။

အိမ်ဥပစာအတွင်းသို့ ရဲအရာထမ်း၊အမှုထမ်းတို့ဝင်ရောက်ရှာဖွေပိုင်ခွင့်နှင့်မသက်သာလျှင် ဘမ်းဆီးပိုင်ခွင့်အာဏာများ။

၁၀။ ။(၁) ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွါးရှာဖွေရန်ကိစ္စအတွက် အိမ်ကိုသော်၎င်း၊ အိမ်၏တစိတ်တဒေသကိုသော်၎င်း၊ အသုံးပြု၍ ထိုအိမ်၌နေထိုင်သူသည်၊ သို့တည်းမဟုတ် ထိုအိမ်သို့ မကြာခဏလာရောက်လေ့ရှိသူသည်၊ ပြည့်တန်ဆာအဖြစ်ဖြင့် ရှာဖွေရရှိသော စီးပွါးကိုလုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေမှီ၍ အသက်မွေးမှုသည်ဟု ကျမ်းကျိန်သတင်းပေးချက်ရရှိသဖြင့် ဒုတိယတန်းအောက်မနိမ့်သော အာဏာရရာဇဝတ်တရားသူကြီး တဦးကထိုသတင်းပေးချက်အရမသင်္ကာဘွယ်ရာရှိသည်ထင်မြင်လျှင်၊ ထိုရာဇဝတ်တရားသူကြီးသည်၊ ဝါရမ်းထုတ်ဆင့်လျက် ထိုအိမ်ဥပစာအတွင်း ဝင်ရောက်ရှာဖွေရန်၎င်း၊ ဝါရမ်းတွင်ဖော်ပြထားသူကို၊ သို့တည်းမဟုတ် ဖော်ပြထားသူများကို ဘမ်းဆီးရန်၎င်း၊ ရဲအရာရှိအား အခွင့်အာဏာပေးအပ်နိုင်သည်။

(၂) ရဲအုပ်အောက် အဆင့်အတန်းမနိမ့်သော ရဲအရာရှိတဦးသည်၊ အိမ်အဆောက်အဦ၊ အခန်း၊ ရေယာဉ်၊ ကုန်းယာဉ်၊ သို့တည်းမဟုတ် နေရာကိုဖြစ်စေ၊ ထိုအိမ်စသည်တို့၏ တစိတ်တဒေသကိုဖြစ်စေ၊ ပြည့်တန်ဆာအိမ်အဖြစ်အသုံးပြုကြောင်း ယုံကြည်လောက်သော သတင်းရရှိ၍၊ ထိုသတင်းအချုပ်နှင့် ထိုသတင်းမှန်ကန်သည်ဟု ယုံကြည်သော အကြောင်းပြချက်တို့ကို မှတ်တမ်း

တင်ပြီးလျှင်၊ ထိုအိမ်စသည်တို့ကို မိမိကိုယ်တိုင်ဝင်ရောက်ရှာဖွေနိုင်သည်။ သို့တည်းမဟုတ် အခြားရဲအရာရှိတစ်ဦးဦးအား စာဖြင့်ရေးသားဆင့်ဆို အာဏာပေး၍ရှာဖွေစေနိုင်သည်။ ရှာဖွေသောရဲအရာရှိသည် အဆိုပါအိမ်စသည်တို့၌ တွေ့ရှိသူကို စစ်ဆေးနိုင်သည့်ပြင်၊ ဤအက်ဥပဒေအရပြစ်မှုကျူးလွန်သည်ဟု မသင်္ကာစရာအကြောင်းရှိသူကိုလည်း ဘမ်းဆီးချုပ်နှောင်ခွင့်ရှိသည်။

သို့ရာတွင် နောက်ထပ်စစ်ဆေးမေးမြန်းရန်အလို့ငှါ၊ ရဲဌာနသို့ထိုသူတို့လာရောက်ရမည်ဟု စည်းကမ်းချက်ထား၍ သင့်တင့်သော အာမခံဖြင့် ထိုသူတို့ကို လွှတ်ထားရမည်။

၁၁။ ။ပုဒ်မ ၁၀ (၁) အရ၊ ရှာဖွေခြင်းကို ဝါရမ်းထုတ်ဆင့်သည့် နေ့ရက်မှ ၂ ရက်အတွင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃ ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြုရမည့်ပြင်၊ ထိုသို့ရှာဖွေခြင်းခံရသည့်အိမ်စသည်တို့တွင် ဝါရမ်း၌ ဖော်ပြပါရှိသောသူကို၊ သို့တည်းမဟုတ် သူတို့ကို ပြည့်တန်ဆာအဖြစ် အသက်မွေးသူတဦး၊ သို့တည်းမဟုတ်အများ၊ ထို့ပြင်ထိုအိမ်စသည်တို့တွင် နေထိုင်သူမဟုတ်သည့် ယောက်ျားတဦး၊ သို့တည်းမဟုတ် အများနှင့်အတူတကွ တွေ့ရှိလျှင်၊ ဝါရမ်းအရ ဘမ်းဆီးခြင်းခံရသူသည်၊ သို့တည်းမဟုတ် သူများသည်၊ ပြည့်တန်ဆာအဖြစ် ရှာဖွေရရှိသည့်စီးပွါးမှန်းသိပါလျက်၊ ထိုစီးပွါးကိုမှီ၍ အသက်မွေးမြူသူများမဟုတ်ကြောင်း အထင်အရှားမပြနိုင်သော်၊ ထိုကဲ့သို့စီးပွါးကိုမှီ၍ အသက်မွေးမြူသူဖြစ်သည်ဟု မှတ်ယူခြင်း ခံရမည်ဖြစ်၍ ထိုကဲ့သို့သောသူများအဖြစ် ပြစ်မှုထင်ရှားစီရင်ခြင်းခံထိုက်စေရမည်။ ရှာဖွေသောနည်း။

<u>ရှင်းလင်းချက်။</u> ။ဤပုဒ်မပါကိစ္စအလို့ငှါ၊ ''ပြည့်တန်ဆာအဖြစ် အသက်မွေးသူ'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ပြစ်မှုဖြင့် ယခင်ကပြစ်မှုထင်ရှားစီရင်ခြင်း ခံရဘူးသူကိုသော်၎င်း၊ ပုဒ်မ ၇ (၁) (က) တွင် ဖော်ပြထားသောသူတဦးအဖြစ်ဖြင့် ပုဒ်မ ၇ အရ၊ အမိန့်ထုတ်ဆင့်ခြင်းခံရသူကိုသော်၎င်း ဆိုလိုသည်။

၁၂။ ။(၁) မည်သူမဆို မိန်းမတဦးဦးကို ပြည့်တန်ဆာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ— ပြည့်တန်းဆာအိမ်၌ထားခြင်း၊ သို့တည်းမဟုတ် မတရားကာမ စပ်ယှက်မှုပြုစေရန်အကြံဖြင့် အခြားနေရာ တွင် ထားခြင်း။

(က) ပြည့်တန်ဆာအဖြစ် စီးပွါးရှာဖွေရာအိမ်၊ အဆောက်အဦ၊ အခန်း၊ ရေယာဉ်၊ ကုန်းယာဉ်၊ သို့တည်းမဟုတ် နေရာ၌သော်၎င်း၊ ထိုအိမ်စသည်၏ တစိတ်တဒေသ၌သော်၎င်း၊

(ခ) ထိုမိန်းမသည် မိမိ၏တရားဝင်ကာမပိုင်ဖြစ်သူမှတပါး၊ အခြားယောက်ျား တဦးတယောက်နှင့် ကာမစပ်ယှက်စေရန်၊ သို့တည်းမဟုတ် ယုတ်ညံ့သော အမှုများပြုစေရန် အကြံဖြင့်အိမ် စသည်တို့၌သော်၎င်း

ထိုမိန်းမ၏ အလိုနှင့်ဗီလာပြု၍တားဆီးထားလျှင်၊ ထိုသူကို သုံးနှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်စီရင်နိုင်စေရမည်။ ယောက်ျားဖြစ်လျှင် ကြိမ်ဒဏ်လည်းစီရင်နိုင်စေရမည်။

(၂) တဦးတယောက်သောသူသည်—

(က) မိန်းမတဦးတယောက်ပိုင်လက်ဝတ်လက်စား၊ ဝတ်စား တန်ဆာ၊ ကြေးငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်းကို အဆိုပါမိန်းမထံမှ သိမ်းယူထားလျှင်၊ သို့တည်းမဟုတ်

(ခ) ထိုသူကဖြစ်စေ၊ ထိုသူပြောဆို မှာထားခြင်းကြောင့်ဖြစ်စေ၊ အဆိုပါမိန်းမသို့ ငှါးရမ်းသော၊ သို့တည်းမဟုတ် ပေးအပ်သော လက်ဝတ်လက်စားကို

သော်၎င်း၊ ဝတ်စားဟန်းဆာကိုသော်၎င်း၊ ထိုမိန်းမက ယူသွားခဲ့သော် တရားစွဲဆိုမည်ဟု ခြိမ်းခြောက်လျှင်

ထိုသူသည် ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ထိုမိန်းမကို တားဆီးထားသည်ဟု မှတ်ယူရမည်။

(၃) အဆိုပါမိန်းမအား၊ ထိုကဲ့သို့တားဆီးထားသူက ချေးငှါးသော၊ သို့တည်းမဟုတ် ပေးအပ်သော၊ သို့တည်းမဟုတ် ထိုမိန်းမက တားဆီးထားသူထံ ပေါင်နှံထားသော လက်ဝတ်လက်စား၊ ဝတ်စားတန်းဆာ၊ ကြေးငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်းများကို၊ ထိုမိန်းမ ယူသွားသောကြောင့်ဖြစ်စေ၊ လက်ဝယ်ထားကြောင်း တွေ့ရှိသောကြောင့်ဖြစ်စေ၊ ထိုမိန်းမအပေါ်၌ တရားမကြောင်းဖြင့်သော်၎င်း၊ ရာဇဝတ်ကြောင်း ဖြင့်သော်၎င်း၊ အရေးယူပိုင်ခွင့် မရှိစေရ၊

ဆေး ဘက်ဆိုင်ရာစမ်းသပ်စစ်ဆေးခြင်းနှင့်ကုသခြင်း။

၁၃။ ။(၁) ပုဒ်မ ၃ အရ၊ပြစ်မှုကြောင့်၊ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား၊သို့တည်းမဟုတ် ပုဒ်မ ၇ အရ အမိန့်ထုတ်ဆင့်ခြင်း ခံရသူအား ခန့်ထားသည့် ဆေးဆရာ၏ စမ်းသပ်စစ်ဆေးခြင်းကိုခံစေရန် ရာဇဝတ်တရားသူကြီးက၊ ထိုသို့ ပြစ်မှုထင်ရှား စီရင်သည့် အခါ၌ဖြစ်စေ၊ ထိုသို့ အမိန့်ထုတ်ဆင့်သည့်အခါ၌ဖြစ်စေ ညွှန်ကြားရမည်။

(၂) ပုဒ်မ ၁၀ အရ၊ ရှာဖွေခြင်းပြုသော ရဲအရာရှိက ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ဖြစ်စေ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးထံသို့ဖြစ်စေ၊ ဤကိစ္စအတွက် အထူးအာဏာလွှဲအပ်ခြင်းခံရသော ပဋ္ဌမတန်း ရာဇဝတ်တရားသူကြီးထံသို့ဖြစ်စေ၊ လျှောက်ထားသောအခါ၊ ပုဒ်မ ၁၁ အရ၊ ရှာဖွေခြင်းခံရသူတို့အား၊ ခန့်ထားသည့်ဆေးဆရာ၏ စမ်းသပ်စစ်ဆေးခြင်းကိုခံရန် အဆိုပါရာဇဝတ်တရားသူကြီးက ညွှန်ကြားနိုင်သည်။

(၃) ထိုသို့စမ်းသပ်စစ်ဆေးသဖြင့်၊ ထိုသူတွင် ကာလသားရောဂါ စွဲကပ်နေကြောင်း တွေ့လျှင် ထိုသူသည်—

(က) ခန့်ထားသည့် ဆေးဆရာ၏အကုအသကို ခံရမည့်ပြင်၊ ထိုဆေးဆရာပေးသည့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊ ထို့ပြင်

(ခ) မိမိအား ဆေးဆရာက မည်သည့်ကာလသားရောဂါမျှ သူတပါးသို့ မကူးစက်စေနိုင်တော့ကြောင်း သက်သေခံ လက်မှတ် မပေးမခြင်း ထိုသူသည် ဆေးဝါးကုသခြင်းကို မရပ်စဲရ။

(၄) ပုဒ်မခွဲ (၁) အရ၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂) အရ အမိန့်ထုတ်ဆင့်ခြင်းခံရသူသည်၊ အရွယ်မရောက်သေးသူဖြစ်လျှင်၊ ရာဇဝတ်တရားသူကြီး၏ အမိန့်နှင့်တကွ ပုဒ်မခွဲ (၃) ပါ ပြဋ္ဌာန်းချက်များကို ထိုအရွယ်မရောက်သေးသူက လိုက်နာအောင် ပြုလုပ်ရန်မှာ အမိအဘ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူများ၏ တာဝန်ဖြစ်စေရမည်။

(၅) တဦးတယောက်သောသူသည်၊ ပုဒ်မခွဲ (၁) အရ၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂) အရ၊ ရာဇဝတ်တရားသူကြီး ထုတ်ဆင့်သော အမိန့်ကို မနာခံလျှင်၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၃) ပါ၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၄) ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်လျှင်၊ ထိုသူကို တနှစ်ထိ ထောင်ဒဏ်ဖြင့်စေ၊ ၁,၀၀၀ိ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှင့်ရပ်စလုံးဖြစ်စေစီရင်နိုင်စေရမည်။

(၆) ပုဒ်မခွဲ (၃) အရ စမ်းသပ်စစ်ဆေးခြင်း ခံရ၍ ခန့်ထားသည့် ဆေးဆရာက ကာလသားရောဂါစွဲကပ်လျက်ရှိကြောင်း တွေ့ရှိသောမိန်းမကို ခရိုင်ရာဇဝတ် တရားသူကြီး၏၊ သို့တည်းမဟုတ်နယ်ပိုင် ရာဇဝတ်တရားသူကြီး၏၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ အထူးအာဏာလွှဲအပ်ခြင်းခံရသော ပဋ္ဌမတန်း ရာဇဝတ်တရားသူကြီး၏ အမိန့်အရသတ်မှတ်ထားသည့် ဌာနသို့ပို့နိုင်သည်။ ထိုမိန်းမသည် ရောဂါပျောက်ကင်းကြောင်း သက်သေခံလက်မှတ်ရသည့်တိုင်အောင် ထိုဌာန၌ နေထိုင်ရမည်။

သို့ရာတွင် ပုဒ်မ ၇ အရ အမိန့်ချမှတ်ခြင်းခံရသူ တဦးတယောက်သည်၊ ရာဇဝတ်တရားသူကြီး၏ သဘောအတိုင်း ခံဝန်သူများနှင့်ဖြစ်စေ၊ ကိုယ်ပိုင်ခံဝန်ချက်ဖြင့်ဖြစ်စေ၊ ခံဝန်ချုပ် ချုပ်ဆိုလျက်၊ မိမိသည် ရောဂါပျောက်ကင်းကြောင်း သက်သေခံ လက်မှတ်ရသည့်တိုင်အောင်၊ စာရင်းဝင်ဆေးဆရာတဦးနှင့် ကုသပါမည်ဟု လျှောက်ထားလျှင်၊ ရာဇဝတ်တရားသူကြီးသည် ထိုသူကို သတ်မှတ်ထားသည့်ဌာနသို့ မပို့ဘဲနေနိုင်ခွင့်ရှိသည်။

(၇) မည်သူမဆို ပုဒ်မခွဲ (၆) အရ၊ တရားဥပဒေနှင့်အညီ ထုတ်ဆင့်သော အင့်ဆိုချက်များကို မနာခံလျှင်၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် ဌာနမှ နည်းလမ်းတကျ ထွက်ခွင့်မပြုဘဲ ထွက်ပြေးတိမ်းရှောင်လျှင်၊ ထိုသူကိုအလုပ်ကြမ်းနှင့် ခြောက်လထက်မပိုသော ထောင်ဒဏ်စီရင်နိုင်စေရမည်။

**သက်သေခံချက်ရယူခွင့်အာဏာ။**

၁၄။ ။ရာဇဝတ်တရားသူကြီးမှာ ဤအက်ဥပဒေအရ၊ တရားစွဲဆိုခြင်း ခံရသောသူများအနက်၊ အစိက စွဲဆိုခံရသူ မဟုတ်သောသူကို ထိုအမှုဆိုင်ရာ အဖြစ်အပျက်အကြောင်းခြင်းရာတို့နှင့် စပ်သျဉ်း၍ မိမိရှေ့၌ သက်သေအဖြစ် စစ်ဆေးပိုင်ခွင့်ရှိသည်။ သို့ရာတွင် ထိုသူ၌ ထိုပြစ်မှုနှင့်စပ်လျဉ်း၍ မိမိသိရှိသမျှသော အကြောင်းခြင်းရာအားလုံးကို စုံလင်မှန်ကန်စွာ ထုတ်ဖေါ်ပြောဆိုလိုသည့် လက္ခဏာရှိစေရမည်။

**ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနိုင်သောပြစ်မှုများ။**

၁၅။ ။ဤအက်ဥပဒေအရ ပြစ်မှုတခုတွင်ဖက်စပ်ပါဝင်သည်လည်း ဖြစ်၍၊ ပုဒ်မ ၁၄ အရ၊ ရာဇဝတ်တရားသူကြီးရှေ့၌ သက်သေအဖြစ် စစ်ဆေးခြင်း ခံရသူသည်လည်းဖြစ်၍၊ ထိုသို့စစ်ဆေးသောအခါ ထိုသို့စစ်ဆေးသောအမှုတွင် သက်ဆိုင်ရာ အကြောင်းအားလုံးကို သိရှိသမျှ စုံလင်မှန်ကန်စွာ ထုတ်ဖေါ်ပြောဆိုသည်ဟု ရာဇဝတ်တရားသူကြီးက ထင်မြင်လောက်အောင် ထွက်ဆိုခဲ့သည်လည်း ဖြစ်သောသူသည်၊ ရာဇဝတ်တရားသူကြီးထံမှ ထိုကဲ့သို့ ထွက်ဆိုကြောင်း သက်သေခံလက်မှတ်စာကို ရရှိစေရမည်။ ထိုသို့ ရရှိလျှင်ဤအက်ဥပဒေအရ ခံထိုက်သောပြစ်ဒဏ်မှ ကင်းလွတ်စေရမည်။

**အများပြည်သူတို့မမြင်မကြားနိုင်အောင် သက်သေခံချက်ယူခြင်း။**

၁၆။ ။ကာမစပ်ယှက်မှုပြုနေစဉ်ဖြစ်စေ၊ ကာမစပ်ယှက်ကြောင်းသိသာစေသည့် အခြေအနေ၌ဖြစ်စေ၊ တွေ့ရှိရသူတဦးတယောက်အား၊ အမှု၌သက်သေအဖြစ် တင်ပြလျှင်၊ ထိုသူကို အများပြည်သူတို့ မမြင်မကြားနိုင်အောင် ရာဇဝတ်တရားသူကြီးက စစ်ဆေးရမည်။

**အကျဉ်းထောင်တွင်ချုပ်ထားမည့်အစား သတ်မှတ်ထားသည့်ဌာနတွင် တားဆီးထိန်းသိမ်းထားခြင်း။**

၁၇။ ။ပုဒ်မ ၃ အရ ပြစ်မှုကျူးလွန်သူကို၊ သို့တည်းမဟုတ် ပုဒ်မ ၇ (၁) (က) အရ၊ အရေးယူခြင်းခံရသူကို အကျဉ်းထောင်တွင်ချုပ်ထားမည့်အစား၊ သတ်မှတ်ထားသည့်ဌာန၌တားဆီး ထိန်းသိမ်းထားရန် ဆင့်ဆိုနိုင်သည်။

**အက်ဥပဒေများကိုပယ်ဖျက်ခြင်း။**

၁၈။ ။၁၉၂၁ ခုနှစ်၊ ပြည့်တန်းဆာအိမ်များကို ကင်းရှင်းပပျောက်စေရန် အက်ဥပဒေ (၁၉၂၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂) ကိုရင်း၊ မြူနီစီပါယ် အက်ဥပဒေ (၁၈၉၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၃) ပုဒ်မ ၂၁၅၊ ၂၁၆ နှင့် ၂၁၇ တို့ကိုရင်း၊ ဤအက်ဥပဒေဖြင့် ပယ်ဖျက်သည်။